# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၅၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
## (၂၀၁၅ ခုနှစ်၊ မေလ ၂၈ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့သို့ လာရောက်လေ့လာတဲ့သူ စာရင်းအနေနဲ့ မန္တလေးမြို့ ပရဟိတအဖွဲ့အစည်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ လေ့လာသူ ၃၄ ဦး တက်ရောက်လေ့လာလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၉၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၄.၅၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

**မူကြမ်း**

(၁) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက် တို့ဖြစ်ပါတယ် ခင်ဗျား။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၅ ဖြစ်ပါတယ်။ အခု မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**မာန်အောင်မြို့တွင် ဝေးလံခေါင်သီဒေသမှဝန်ထမ်းများလစာ(၂)ဆရရှိသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများကိုလည်း လစာ(၂)ဆရရှိစေရန် နှစ်စဉ်ရရှိသော မြို့နယ်အခွန်ငွေမှ ခွဲဝေပေးနေသဖြင့် မြို့နယ်တစ်ခုလုံး စည်ပင်သာယာရေးလုပ်ငန်းအတွက် လက်ကျန်ငွေနည်းပါးနေသောကြောင့် မြို့နယ်ရရှိအခွန်ငွေမှ နုတ်ယူခြင်းမပြုဘဲ သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဝန်ကြီးဌာနများမှ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းလစာ(၁)ဆကို တိုးပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းပြည့်စုံကြပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ တင်ပြမေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့မာန်အောင်မြို့နယ်ဟာ ဝေးလံခေါင်းပါးဒေသမှာ ပါဝင်တဲ့အတွက် ဝန်ထမ်းအားလုံး လစာ(၂)ဆရရှိပါတယ်။ ဒါပေမယ့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက ဝန်ထမ်းတွေက တခြားဝန်ထမ်းများနည်းတူ လစာ(၂)ဆမရဘဲ လစာ(၁)ဆသာ ရရှိတဲ့အတွက် ကြောင့်ရင်း နှစ်စဉ်ရရှိနေသည့် မြို့နယ်အခွန်ငွေများမှ ခွဲဝေပေးနေရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ မြို့နယ်ကအခွန်ရငွေဟာ ၅၆၃ သိန်းရှိပေမယ့် ကျွန်တော်တို့မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများကို ခွဲဝေပေးတဲ့အခါမှာ ၃၁၂ သိန်းလောက် ကျွန်တော်တို့ပေးရပါတယ်။ မြို့နယ်တစ်ခုလုံးအတွက် လက်ကျန်ငွေဟာ ၁၇၈ သိန်းသာကျန်ပါတယ်။ လက်ကျန်ငွေနည်းတဲ့အတွက်ကြောင့် လမ်း၊ တံတား၊ မြို့စည်ပင်ရေးအတွက် ထိထိရောက်ရောက်မလုပ်နိုင်တဲ့အတွက်ကြောင့် မြို့နယ်စည်ပင်သာယာရေးမှာ တိုးတက်မှုမရှိဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ မြို့နယ်က ရရှိတဲ့အခွန်ငွေက နုတ်ယူခြင်းမပြုဘဲနဲ့ သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာန သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့က မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနဝန်ထမ်းတွေကို လစာ(၁)ဆ တိုးပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ပြည်ထောင်စုရသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းဆိုပြီးတော့ ကျွန်တော်တို့ ခွဲခြားရေးဆွဲခဲ့ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းမှာပါဝင်တဲ့ အဖွဲ့အစည်းများအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေအစီအစဉ်နဲ့ လုပ်ငန်းများကိုဆောင်ရွက်ကြရပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရငွေများကို တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေကိုပေးသွင်းပြီးတော့မှ အသုံးစရိတ်များကို ဘတ်ဂျက်လျာထားချက်များအတိုင်း တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းများဟာ မိမိတို့ရရှိနိုင်တဲ့ဝင်ငွေနဲ့ မိမိတို့အသုံးစရိတ်ကို အတတ်နိုင်ဆုံးကျခံသုံးစွဲရန်ဖြစ်ပါတယ်။ မိမိတို့ဝင်ငွေနဲ့မလုံလောက်လို့ ဘတ်ဂျက်လိုငွေ ပေါ်ပေါက်လို့ရှိရင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁)၊ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေအဖြစ်လည်းကောင်း၊ ချေးငွေအဖြစ်လည်းကောင်း ဖြည့်စွက်ပေးပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တို့မှာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီး၊ ဦးစီးဌာနများရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းအရ လိုငွေကိုထောက်ပံ့ငွေအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းအရ လိုငွေကို ချေးငွေအဖြစ်လည်းကောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ တိုင်းဒေသကြီး/ပြည်နယ်များရဲ့ ဘဏ္ဍာငွေအရအသုံးစာရင်းလိုငွေကို ပြည်ထောင်စုကဖြည့်ဆည်းပေးတဲ့နေရာမှာ လွန်ခဲ့တဲ့ နှစ်နှစ်ကထက်ကို ပိုပြီးတော့မှ ဖြေလျှော့ပေးတဲ့အနေနဲ့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများရဲ့ ရသုံးခန့်မှန်းခြေစာရင်း လိုငွေတွေကို ထောက်ပံ့ငွေအဖြစ်သာခွင့်ပြုပေးခဲ့တာ

ဖြစ်ပါတယ်။ စည်ပင်သာယာရေးနှင့် စည်ပင်သာယာရေးအဖွဲ့များရဲ့လိုငွေကိုတော့ ချေးငွေအဖြစ် ဆက်လက်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ယခု ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကစပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ ထောက်ပံ့ခြင်းနှင့်စပ်လျဉ်းပြီးတော့ ပိုမိုပြီးတော့ မူဝါဒဆိုင်ရာထောက်ပံ့မှုဖြစ်အောင်လို့ ကျွန်တော်တို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆင်းရဲမှုညွှန်းကိန်း၊ မြို့ပြလူဦးရေနှင့် ကျေးလက်လူဦးရေ၊ တစ်ဦးချင်းစီရဲ့ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးစတဲ့ ညွှန်းကိန်းတွေအရ တွက်ချက်ပြီးတော့မှ သင့်လျော်တဲ့ပမာဏကို ထောက်ပံ့ပေးဖို့အတွက် စီစဉ်ထားရှိပါတယ်။ ဒါ့အပြင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကစပြီးတော့ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေအစီအစဉ်မှာ ပါဝင်တဲ့ စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့တွေရဲ့ လိုငွေကိုလည်း ချေးငွေအဖြစ် မသတ်မှတ်ဘဲနဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ထောက်ပံ့ငွေအဖြစ်သာ ဖြည့်ဆည်းပေးသွားမှာလည်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ရပ်ရဲ့ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုမှာ ခန့်အပ်ခြင်းခံရတဲ့ နိုင်ငံ့ဝန်ထမ်းများဟာ တူညီတဲ့အလုပ်အတွက် တူညီတဲ့လစာ၊ ထောက်ပံ့ကြေး၊ စရိတ်နှင့်အခြားစရိတ်များကို သက်ဆိုင်ရာနည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ခံစားခွင့်ရှိပါတယ်။ ဒါ့အပြင် ဒေသစရိတ်ခံစားခွင့် ရှိတဲ့မြို့နယ်များမှာ နေထိုင်လျက် ဒီမြို့နယ်မှာ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းများအားလုံးဟာ ဒေသစရိတ်ကို ခံစားခွင့်ရှိပါတယ်။ မာန်အောင်မြို့နယ်ဟာ ဒေသစရိတ်ခံစားခွင့်ရှိတဲ့မြို့နယ်မှာ ပါဝင်တဲ့အတွက် မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများဟာလည်း အခြားဝန်ထမ်းများနည်းတူ လစာ(၂)ဆ ခံစားခွင့်ရှိမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများဟာ နိုင်ငံ့ဝန်ထမ်းများဖြစ်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့ရဲ့ အရအသုံးဟာ ပြည်နယ် ဘဏ္ဍာရန်ပုံငွေ အစီအစဉ်မှာပါဝင်ခြင်းတို့ကြောင့် အဆိုပါဝန်ထမ်းများရဲ့ လစာများ(ဒေသစရိတ်အပါအဝင်) မြို့နယ်အတွင်း လိုအပ်သော စည်ပင်သာယာရေးလုပ်ငန်းများအတွက် အသုံးစရိတ်များကို မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ ထည့်သွင်းရေးဆွဲလျာထားရမှာဖြစ်ပါကြောင်းနှင့် ၎င်းတို့ရဲ့ရငွေထက်ပိုတဲ့ အသုံးစရိတ်အတွက် လိုငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့တဲ့ထောက်ပံ့ငွေမှာ ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် လိုအပ်တာများကို သက်ဆိုင်ရာတိုင်း ဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ရုံးဖွင့်လှစ်ထားသော နှစ်(၃၀)မြေငှားဂရန်စာချုပ်သည် ဒေါ်စန်းမြင့် ပိုင်ဟုတ်/မဟုတ် သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကြွရောက်လာကြတဲ့ ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကိုမေးရခြင်းရဲ့ရည်ရွယ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်းပြီးတော့မှ နိုင်ငံသားများကို ဥပဒေအရ အကာအကွယ် ပေးရမယ်လို့ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ အဲဒီဥပဒေအရဆိုလို့ရှိရင် ကျွန်တော်တို့ လက်ပံတန်း မြို့နယ်က ဒေါ်စန်းမြင့်ပိုင်တဲ့နေအိမ်နှင့်ဆိုင်ခန်းနှစ်ခန်းကို ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်းဥပဒေအရ ၁၉၆၄ ခုနှစ်မှာ သိမ်းဆည်းခဲ့တဲ့အတွက်ကြောင့်မို့လို့ ၎င်းအနေနဲ့ နစ်နာဆုံးရှုံး တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့မေးခွန်းရဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ အမျိုးသားမှတ်ပုံတင်အမှတ်၊ AC 010808 ကိုင်ဆောင်သူ အမှတ်(၃)၊ (၁)လမ်း၊ လက်ပံတန်းမြို့နေ ဒေါ်စန်းမြင့်(ဘ)ဦးစိန်မော်ပိုင် နေအိမ်နှင့်ဆိုင်ခန်းနှစ်ခန်းကို ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေအရ ပြည်သူပိုင်ပြုလုပ်ခဲ့ပါတယ်။ ၎င်းအဆောက်အအုံနှင့် ဆိုင်ခန်းနှစ်ခန်းကို ပြည်သူပိုင်ဆိုင်ခန်းအဆောက်အအုံ လွှဲပြောင်းပေးရေး အဖွဲ့ရဲ့ ၁၇-၇-၁၉၇၇ နေ့စွဲပါ (၅၁)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ မူလပိုင်ရှင် ဒေါ်စန်းမြင့် လက်ဝယ်ကို တရားဝင်ပိုင်ဆိုင်ခွင့်ကို ၂၁-၂-၁၉၇၇ ရက်နေ့မှာ ပြန်လည်လက်ရောက် လွှဲပြောင်းပေးခဲ့ပြီးလည်းဖြစ်ပါတယ်။ အဲဒီ လက်ရောက်လွှဲပြောင်းပေးခဲ့တဲ့ အဆောက်အဦကို ၂၁-၁၂-၁၉၇၇ ရက်နေ့မှာပဲ ရန်ကုန်မြို့၊ ဆေးနှင့်ဆေးပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်းနှင့် အဆောက်အဦပိုင်ရှင် ဒေါ်စန်းမြင့်တို့ နှစ်ဦးသဘောတူ တစ်လကို ကျပ်လေးရာဖြင့် အသိသက်သေ များဖြစ်ကြတဲ့ ဦးလှဝင်း(အတွင်းရေးမှူး) မြို့မရပ်ကွက် ပြည်သူ့ကောင်စီ၊ လက်ပံတန်းမြို့၊ ဦးနီတိုး (အုပ်ချုပ်ရေးမှူး) မြို့နယ်စည်ပင်သာယာရေး၊ လက်ပံတန်း မြို့ရဲ့ရှေ့မှောက်မှာ လက်မှတ်ရေးထိုး ပြီးတော့ စာချုပ်ချုပ်ဆိုပြီးငှားရမ်းခဲ့ကြပါတယ်။ အဲဒီစာချုပ်မှာ ဘာပါလာလဲဆိုတဲ့အခါကျတော့ ယင်းဆိုင်ခန်းနှင့်အဆောက်အဦကို ဆက်လက်အသုံးပြုရန် မလိုတော့သည့်အချိန်မှာ တရားဝင်

ပိုင်ဆိုင်ခွင့်ရှိသည့်သူသာလျှင် ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ဆိုပြီးတော့မှ ဆေးဆိုင် မန်နေဂျာနဲ့ အဲဒီအသိသက်သေများရှေ့မှောက်မှာ ဒေါ်စန်းမြင့်တို့ နှစ်ဦးသဘောတူစာချုပ် လက်မှတ် ရေးထိုးကြပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ယနေ့ထက်ထိ အဲဒီအဆောက်အဦဟာ မူလလက်ဝယ်ပိုင်ရှင်ကို ပြန်မရောက်ဘဲနဲ့ အသုံးမပြုတော့တဲ့အချိန်မှာ ပြန်လည်လွှဲပြောင်းပေးမယ် ဆိုတဲ့ကတိကို ကျော်လွန်ပြီးတော့မှ နေအိမ်အဆောက်အဦပိုင်ရှင်ဖြစ်တဲ့ ဒေါ်စန်းမြင့် ကုန်သွယ်ရေးကို ငှားရမ်းခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆောက်အဦနှင့်ပတ်သက်လို့ ဒေါ်စန်းမြင့်ပိုင်ဟုတ်/မဟုတ်။ အဲဒီအဆောက်အဦကိုလည်းပဲ ဒေါ်စန်းမြင့်က အနှစ်(၃၀) မြေဂရန်စာချုပ်သက်တမ်းတိုးထားတဲ့ အတွက်ကြောင့်ရင်း ဂရန်မှာ ဒေါ်စန်းမြင့်ပိုင် ဟုတ်/မဟုတ်သိရှိလိုတဲ့အတွက် ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းရဲ့မေးခွန်းကို ဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လက်ပံတန်း မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ဖွင့်လှစ်ထားတဲ့အဆောက်အဦဟာ ၁၉၆၄ ခုနှစ်မှာ ပြည်သူပိုင်သိမ်းယူခဲ့ပြီးတော့မှ ၁၉၇၇ ခုနှစ်မှာ မူလပိုင်ရှင် ဒေါ်စန်းမြင့်သို့ ပြန်လည်လွှဲပြောင်းပေးအပ် ခဲ့ပါတယ်။ ဒေါ်စန်းမြင့်မှ စာချုပ်စာတမ်းနဲ့ အဲဒီအချိန်က ဆေးနှင့်ဆေးပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်းကို ထပ်မံငှားရမ်းခဲ့ရာမှ ၁၉၈၅ ခုနှစ်မှာ ကုန်သွယ်ရေးဝန်ကြီးဌာနက အပြီးအပိုင် သိမ်းယူခဲ့ပါတယ်။ ယင်းကဲ့သို့ သိမ်းယူခဲ့သော်လည်း ကုန်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ မြေပိုင်ဆိုင်မှု အတွက် မြေဂရန်လိုင်စင် လျှောက်ထားမှုမရှိခဲ့သည့်အတွက် ၁၉၉၂ ခုနှစ်မှာ ဒေါ်စန်းမြင့်က ဂရန် သက်တမ်းတိုးလျှောက်ထားခြင်းအပေါ် ၃၀-၆-၁၉၈၅ ခုနှစ်မှ ၃၀-၆-၂၀၁၅ ခုနှစ်အထိ နှစ် ၃၀ ဂရန်

သက်တမ်းတိုးခွင့်ပြုခဲ့ကြောင်းသိရှိရပါတယ်။ သို့သော်လည်း ယင်းမြေနှင့်အဆောက်အဦများဟာ ၁၉၆၄ ခုနှစ်ကတည်းက ပြည်သူပိုင်သိမ်းယူထားတဲ့ အဆောက်အဦများဖြစ်တဲ့အတွက် မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဖွင့်လှစ်ရန် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့မှာ လွှဲပြောင်းပေးအပ်ခဲ့တဲ့အတွက် ၂၁-၄-၂၀၀၀ ရက်နေ့မှာ လက်ပံတန်း မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ မြို့နယ်ရုံးအဆောက်အဦဟာ ပျက်စီးယိုယွင်းနေတဲ့အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေနဲ့ လက်ပံတန်းမြို့နယ်ရုံးကို အသစ်ပြန်လည် တည်ဆောက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်ကို တင်ပြဆောင်ရွက်ခဲ့ရာ ဆောက်လုပ်ခွင့်ရရှိ ခဲ့ပါတယ်။ ၎င်းအချိန်မှာ ဒေါ်စန်းမြင့်ရဲ့သားဖြစ်သူ ဦးအေးကျော်လင်းက အဆိုပါအဆောက်အဦ ဆောက်လုပ်ခွင့်နဲ့ပတ်သက်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကို ကန့်ကွက်လွှာတင်ခဲ့ခြင်းဖြစ်ပါ တယ်။ ယင်းကဲ့သို့ ကန့်ကွက်လွှာတင်ခြင်းနှင့်ပတ်သက်ပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပဲခူး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ကို ပြန်လည်စိစစ်ဆောင်ရွက်စေခဲ့ရာ ယင်းမြေနှင့်အဆောက်အဦသည် ပြည်သူပိုင်သိမ်းဆည်းထားသည့် မြေအဆောက်အဦဖြစ်သော်လည်း လက်ခံရရှိသည့်ဌာနများအနေနဲ့ မြေစာရင်းမှတ်ပုံတင်(၁-က)စာရင်းတွင် မှတ်ပုံတင်ထားရှိရန် အားနည်းခဲ့ခြင်းကြောင့်လည်းကောင်း၊ မြေပြင်အခြေအနေကို ပြည့်စုံစွာဆန်းစစ်မှုအားနည်းခဲ့ခြင်း ကြောင့်လည်းကောင်း၊ ဒေါ်စန်းမြင့်အမည်ဖြင့် နှစ်(၃၀)ဂရန်ကို ၃၀-၆-၁၉၈၅ မှ ၃၀-၆-၂၀၁၅ အထိ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ယင်းတင်ပြချက်နှင့် ပတ်သက်ပြီးတော့မှ ပြည်ထောင်စု အစိုးရ အဖွဲ့ရုံးက လက်ပံတန်းမြို့နယ်ရုံးမြေနေရာအား မြေငှားဂရန်သက်တမ်းကုန်ဆုံးတဲ့ ၂၀၁၅ ခုနှစ် အထိ ဆိုင်းငံ့ထားရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ညွှန်ကြားထားခဲ့ ပါတယ်။ ယင်းမြေနှင့်အဆောက်အဦမှာ ပြည်သူပိုင်သိမ်းထားသည့်မြေဖြစ်တဲ့အပြင် မြေနှင့်အဆောက် အဦကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ အမှန်တကယ်လွှဲပြောင်းပေးအပ်ထားတာဖြစ်ခြင်း၊ ယင်းမြေအမျိုးအစားဟာ အစိုးရစီမံခန့်ခွဲခွင့်ရှိ သော မြေအမျိုးအစားဖြစ်ပြီး မြေဂရန်သက်တမ်းမှာလည်း ၃၀-၆-၂၀၁၅ ရက်နေ့မှာ ကုန်ဆုံးတော့မှာ ဖြစ်ခြင်းတို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ယင်းမြေနှင့်အဆောက်အဦကို ပဲခူးတိုင်းဒေသ ကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး ထိုက်သင့်တဲ့လျော်ကြေးပေးချေနိုင်အောင် စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလိုပေးချေနိုင်ရန်အတွက်လည်း ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၅-၂၀၁၆

ဘဏ္ဍာနှစ်မှာ ရန်ပုံငွေအဆိုပြုလျာထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တာနဲ့ ကျွန်တော်တို့ ဒီမြေကို ရုံးသစ်ဆောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တစ်ဆက်တစ်စပ်တည်းမေးခွန်းလေး မေးချင်ပါတယ်။ စောစောက ဒုတိယဝန်ကြီးပြောသွားတဲ့အထဲမှာ ဒီမြေနှင့်အိမ်ဟာ ဒေါ်စန်းမြင့်လက်ဝယ်ကို ပြန်လည်လက်ရောက်လွှဲပြောင်းပေးခဲ့ပြီးဆိုတာလည်းပဲ ကျွန်တော် ကြားသိရပါတယ်။ အဲဒီတော့ ဒေါ်စန်းမြင့်ပိုင်ဆိုင်တဲ့အိမ်ကို ကုန်သွယ်ရေးဝန်ကြီးဌာနကလည်း သိမ်းယူတယ်လို့ပြောပါတယ်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကလည်းပဲ သိမ်းယူပြီးတော့မှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနကို လွှဲပြောင်းပေးခဲ့တယ်လို့ပြောပါတယ်။ အဲဒီတော့ ကုန်သွယ်ရေးဝန်ကြီးဌာနက နိုင်ငံသားပိုင်တဲ့အိမ်တစ်ခုကို ဘယ်ဥပဒေနဲ့ သိမ်းယူပြီးတော့မှ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကလည်းပဲ ဘယ်ဥပဒေနဲ့ လွှဲပြောင်းပေးခဲ့ပါသလဲဆိုတာကို ကျွန်တော်သိချင်ပါတယ်။ လျော်ကြေးပေးမယ်လို့လည်းပဲ စောစောက ကျွန်တော်ကြားသိရတဲ့အတွက်ကြောင့် အဲဒီလျော်ကြေးဟာ ကာလဒေသပေါက်ဈေးကို လျော်မှာလားဆိုတာလည်းပဲ ကျွန်တော်သိချင်ပါတယ်။ ကျေးဇူးပြု၍ ပြန်လည်ဖြေကြားပေးပါ။

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ကုန်သွယ်ရေးဝန်ကြီးဌာနက ၁၉၈၅ ခုနှစ်မှာ သိမ်းခဲ့တာကတော့ အဲဒီခေတ်ကတုန်းက ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီကိစ္စကိုတော့ ကျွန်တော်တို့ ပြန်လည်ရှင်းလင်းရန်မရှိပါဘူးခင်ဗျား။ ထိုက်သင့်တဲ့လျော်ကြေးဆိုတာကတော့ ကျွန်တော်တို့က တကယ်တော့ ဒီဟာက ပြည်သူပိုင်သိမ်းခဲ့တဲ့ အဆောက်အဦဖြစ်ပါတယ်။ နောက် လက်ရှိလည်းပဲ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ကျွန်တော်တို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို တရားဝင်လွှဲပြောင်းပေးခဲ့တဲ့ အဆောက်အဦဖြစ်ပါတယ်။ နောက် သက်တမ်းကလည်းပဲ အခု ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ဆိုရင် ဒီဂရန် သက်တမ်းကလည်း ကုန်ပါပြီ။ အဲဒီတော့ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့က ဒီအတိုင်း ဆောင်ရွက်မယ့်အစား ခုနက ကာယကံရှင်ကို မနစ်နာစေလိုတဲ့သဘောနဲ့ ထိုက်သင့်တဲ့လျော်ကြေး ပေးချေနိုင်အောင် ကျွန်တော်တို့

စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့မှလည်း ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**သဘာဝဘေးဒဏ်ကြောင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုအတွက် စိုက်ပျိုးစရိတ်ချေးငွေ အကြွေးများအား ဆိုင်းငံ့ထားပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်း မိုးများစွာရွာသွန်းပြီး ရေကြီးရေလျှံဖြစ်ခြင်းကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့မှ မြို့နယ်များမှာ စပါးစိုက်ဧကများစွာပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ယင်း ကိစ္စနှင့်ပတ်သက်လို့ လွှတ်တော်မှာအဆိုအဖြစ်တင်ပြ၍ စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးပြီး ထောက်ပံ့ မှုအပြည့်အဝမရရှိတဲ့ တောင်သူလယ်သမားတွေရဲ့ တင်ပြချက်များနဲ့အတူ နိုင်ငံတော်သမ္မတကြီးထံကို မေတ္တာရပ်ခံစာပေးပို့ခဲ့ပါတယ်။ သမ္မတကြီးက ပြန်လည်စိစစ်ပြီးတင်ပြရန် မြို့နယ်ကိုညွှန်ကြားခဲ့တယ် လို့သိရပါတယ်။ အဲဒီအတွက် တောင်သူလယ်သမားတွေမှာ မိအေးနှစ်ခါနာဖြစ်ရပါတယ်။ လယ်ပျက် တဲ့လယ်ကွင်းထဲကို ဆင်းမကြည့်ဘဲ မြို့ပေါ်ကိုခေါ်ပြီးတော့စစ်ဆေးပါတယ်။ ထောက်ပံ့မှုမရတဲ့အပြင် စိုးရိမ်စွာနဲ့အစစ်ဆေးခံကြရ၊ အလုပ်အကိုင်တွေပျက် စရိတ်တွေသာထပ်မံကုန်ကျကြရပါတယ်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှာလည်း အချိန်အခါမဟုတ် မိုးများစွာရွာသွန်းတဲ့အတွက်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့နယ်များမှာ စပါးခင်းများရေမြုပ်ပျက်စီးခြင်းနှင့် စိုက်ပျိုးပြီးဆောင်းသီးနှံများ ထိခိုက်ပျက်စီးခြင်းတွေ တဖန်ဖြစ်ရပါတယ်။ ယင်းဖြစ်စဉ်နဲ့ပတ်သက်လို့ သက်ဆိုင်ရာအာဏာပိုင် အဆင့်ဆင့်ကို တင်ပြခဲ့ပေမယ့် ထောက်ပံ့မှုအကူအညီများ လုံးဝမရရှိခဲ့ကြပါ။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီးဖြစ်သော်လည်း ဥပဒေအတိုင်း အကာအကွယ်နှင့် ပံ့ပိုးမှု အကူအညီများ မရကြပါ။ အခုအချိန်ဟာ စိုက်ပျိုးစရိတ်ချေးငွေများ ပြန်ဆပ်ရတဲ့အချိန်ဖြစ်လို့ အကြွေး နွံနစ်နေတဲ့တောင်သူလယ်သမားတွေမှာ အခက်အခဲများစွာ ကြုံနေကြရပါတယ်။ သို့ပါ၍ မေးမြန်းလို သည်မှာ သဘာဝဘေးဒဏ်ကြောင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ ပျက်စီးထိခိုက် ဆုံးရှုံးမှုများကို ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်ကန်ထိရောက်စွာ ပံ့ပိုးပေးနိုင်ခြင်းရှိ/မရှိနှင့် အမှန်တကယ်ပျက်စီးဆုံးရှုံးမှုဖြစ်တဲ့ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးစရိတ်ချေးငွေ အကြွေးများ

အား တစ်စုံတစ်ရာလျော်ပေးခြင်း သို့မဟုတ် အကြွေးများဆိုင်းငံ့ထားနိုင်ခြင်းရှိ/မရှိ သိလိုပါကြောင်း တောင်သူလယ်သမားများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအုန်းသန်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်များကျရောက်မှုကြောင့် စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှုအပေါ် အချိန်မီတင်ပြပါက ပံ့ပိုးပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့အသီးသီးမှ စိစစ်ထောက်ခံတင်ပြချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပါက ပြည်ထောင်စုအစိုးရအဖွဲ့မှ ထိထိရောက်ရောက်ပံ့ပိုး ကူညီပေးလျက်ရှိပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၅) မြို့နယ်က တောင်သူ ၄၃၁၈ ဦးအား မိုးသီးကြွေခြင်းနှင့် ဆစ်ပိုးကျရောက်မှုကြောင့် ပျက်စီးဧက ၈၅၃၆ ဧကအတွက် ထောက်ပံ့ငွေကျပ် ၃၉၇.၉၃၆ သန်းကိုလည်းကောင်း၊ ဇူလိုင်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ ခရိုင်နှင့်ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်(၈)မြို့နယ်မှာ တောင်သူ ၈၀၄ ဦးရဲ့ နှမ်းနှင့်နေကြာစိုက်ခင်းများ မိုးခေါင်၍ပျက်စီးဧက ၂၁၈၅ ဧကအတွက် ထောက်ပံ့ကြေးငွေကျပ် ၁၅.၂၅၉ သန်းကိုလည်းကောင်း၊ ဇူလိုင်လအတွင်း မွန်ပြည်နယ်အတွင်းရှိ မြို့နယ် (၃) မြို့နယ်က တောင်သူ ၃၀၀၅ ဦးရဲ့ သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဧက ၇၁၁၅ ဧကအတွက် ထောက်ပံ့ကြေးငွေကျပ်သန်း ၁၅၀ ကိုလည်းကောင်း၊ ဇူလိုင်လအတွင်း မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်အတွင်းရှိ မြို့နယ် (၄) မြို့နယ်က တောင်သူ ၈၆၇၂ ဦးရဲ့ သီးနှံစိုက်ခင်းများ မိုးခေါင်မှုကြောင့် ပျက်စီးဧက ၂၄၉၆၆ ဧက အတွက်ထောက်ပံ့ငွေ ၁၇၄.၇၆ သန်းကိုလည်းကောင်း၊ ဇူလိုင်လအတွင်း ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် (၈) မြို့နယ်က တောင်သူ ၂၀၃၈ ဦးရဲ့သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်မှု

ကြောင့်ပျက်စီးဧက ၁၀၆၃၁ ဧကအတွက် ထောက်ပံ့ငွေကျပ်သန်း ၂၀၀ ကိုလည်းကောင်း၊ အောက်တိုဘာလအတွင်း ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အတွင်းရှိတဲ့ မြို့နယ် (၅) မြို့နယ်က တောင်သူ ၁၀၆၄၈ ဦးရဲ့ သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဧက ၂၁၉၈၈ ဧကအတွက် ထောက်ပံ့ကြေးငွေကျပ် ၇၀၂.၈၃ သန်းကိုလည်းကောင်း၊ ဒီဇင်ဘာလအတွင်း နေပြည်တော်ကောင်စီနယ်မြေမှာရှိတဲ့ မြို့နယ် (၄) မြို့နယ်က တောင်သူ ၁၇၃၅ ဦးရဲ့ သီးနှံစိုက်ခင်းများ အချိန်အခါမဲ့မိုးရွာသွန်းမှုကြောင့် ပျက်စီးဧက ၃၅၁၃ ဧက အတွက် ထောက်ပံ့ကြေးငွေကျပ် ၂၂၈.၉၅ သန်းကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ တင်ပြချက်နှင့် စိစစ်ချက်အပေါ်မှာ နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ပေးခဲ့ပါတယ်။

အလားတူ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့နယ် (၁၀) မြို့နယ်က တောင်သူ ၄၅၇၁ ဦးရဲ့ သီးနှံစိုက်ခင်းများ မိုးသီးကြွေခြင်းနှင့် ရေကြီးနစ်မြုပ်ခြင်းကြောင့် ပျက်စီးဧက ၉၃၂၇ ဧကအတွက် ထောက်ပံ့ငွေကျပ် ၃၃၅.၇၅ သန်းကိုလည်းကောင်း၊ ဇူလိုင်လအတွင်း ပဲခူးတိုင်းဒေသကြီး၊ မြို့နယ် (၁၀) မြို့နယ်က တောင်သူ ၁၈၈၁၈ ဦးရဲ့ စပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်ပျက်စီးမှု ၅၇၂၁၇ ဧကအတွက် ထောက်ပံ့ငွေကျပ် ၁၀၄၇.၇၈ သန်းကိုလည်းကောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်တင်ပြလာမှုအပေါ်မှာ နိုင်ငံတော်သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ချေးငွေရွှေ့ဆိုင်းပေးရန်ကိစ္စနှင့်ပတ်သက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နည်းဥပဒေရဲ့ အခန်း (၆)၊ အပိုဒ် ၃၀ အရ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးမှုဖြစ်ပြီး ပျက်စီးချိန်တွင် အချိန်နှင့်တစ်ပြေးညီတင်ပြပါက မြို့နယ်ဘဏ်ခွဲမှကွင်းဆင်းစစ်ဆေး၍ သတ်မှတ်သည့်အတိုင်းအတာအထိ ပျက်စီးသည်ဆိုလျှင် ဒေသအာဏာပိုင်များ၏ အဆင့်ဆင့်သောထောက်ခံချက်ဖြင့် ချေးငွေပေးဆပ်ခြင်းကာလကို ဘဏ်က ရွှေ့ဆိုင်းပေးနိုင်ပါသည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ဖော်ပြပါနည်းဥပဒေ အခန်း (၆)၊ အပိုဒ် ၃၀ အရ ချေးငွေပေးဆပ်ကာလကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်ဖြင့် ရွှေ့ဆိုင်းပေးနိုင်သော်လည်းပဲ ထုတ်ချေးငွေများဟာ ထောက်ပံ့ငွေမဟုတ်ဘဲ ချေးငွေအမျိုးအစားဖြစ်၍ သတ်မှတ်ကာလအတွင်း အတိုးနှင့်တကွ ချေးငွေအပြည့်အဝ ပြန်လည်ပေးဆပ်ရပါတယ်။ ချေးငွေဖြစ်သဖြင့် လျော်၍မရနိုင်ပါ။ သို့သော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်

ဘဏ်ခွဲအနေနဲ့ ၂၀၁၂ ခုနှစ်၊ မိုးချေးငွေမှာ တောင်သူ ငါးဦး ကြွေးကျန် ၂.၀၃ သန်း၊ ၂၀၁၂ ခုနှစ်၊ ဆောင်းချေးငွေမှာ တောင်သူ ခြောက်ဦး ကြွေးကျန် ၂.၀၅ သန်း၊ ၂၀၁၃ ခုနှစ်၊ မိုးချေးငွေမှာ တောင်သူ ၆၁၀ ဦး ကြွေးကျန် ၄၄၉.၀၇ သန်းနှင့် ၂၀၁၃ ခုနှစ်၊ ဆောင်းချေးငွေမှာ တောင်သူ ၄၁၆ ဦး ကြွေးကျန် ၁၃၆.၅၆ သန်း စုစုပေါင်း ကြွေးကျန် ၅၈၉.၆၉ သန်းပေးဆပ်ရန် ကျန်ရှိနေပါတယ်။

ထို့အပြင် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ချေးငွေညွှန်ကြားစာအပိုဒ် ၃(က) မှာ အချိန်စေ့ရောက်ပြီး နှစ်စဉ်ချေးငွေ၊ နှစ်တိုချေးငွေ၊ နှစ်ရှည်ချေးငွေများ၏ အရစ်ကျငွေအရင်း၊ အတိုးများ ပြေကျေရမည်။ ချေးငွေမပြေကျေသူများအား ချေးငွေထုတ်ချေးခြင်း မပြုရဟုဖော်ပြပါစည်းကမ်းချက်အတိုင်း ကြွေးဟောင်းမပြေကျေပါက ကြွေးသစ်လည်းရရှိနိုင်မှာ မဟုတ်ပါ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများနှင့်အညီ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ကိုင်ရာမှာ သင့်တင့်သော ငွေကြေးအရင်းအနှီးရရှိစေရေး၊ ဒေသအလိုက် ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို အချိန်မီအချိန်ကိုက် ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာမှာ ၂၀၁၅ ခုနှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့ကစတင်ပြီး မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များက တစ်ပြိုင်တည်း ထုတ်ချေးပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများဟာ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အတိုးဖြင့်ရယူရတဲ့ ချေးငွေများဖြစ်ပါတယ်။ အတိုးဖြင့် ရယူရတဲ့ မြန်မာ့စီးပွားရေးဘဏ်မှလည်း အများပြည်သူများ စုဆောင်းအပ်နှံထားတဲ့ စုဆောင်းငွေများမှ ထုတ်ချေးခြင်းဖြစ်ပါ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေပြီးတော့ ထုတ်ချေးငွေများကို ဆိုင်းငံ့သာပေးနိုင်ပြီးမဆပ်ဘဲ လျှော်ပစ်ရန်မဖြစ်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးခွင့်ပြုပါ။ တောင်သူလယ်သမားများမှာတစ်ကယ်ပဲ သဘာဝဘေးဒဏ်ကြောင့် ခက်ခဲပြီးတော့ အကြွေးနွံနစ်နေတာ ဖြစ်ပါတယ်။ အဲဒီကိစ္စကိုလည်း ဒါ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး အသိလို့ထင်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာ ကိုယ်စားလှယ်တော်ကြီး ဦးစိုးနိုင်ကနေပြီးတော့ အဆိုတစ်ခုတင်သွင်းပြီးတော့ အတည်ဖြစ်ထားတာရှိပါတယ်။ တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုး

စီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေအတိုင်း ၂၀၁၅ ခုနှစ် စိုက်ပျိုးရာသီအမီ အကျိုးသက်ရောက်မှု ရှိအောင် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆိုပဲ ဖြစ်ပါတယ်။ အခုချိန်ဟာ စိုက်ပျိုးရာသီဖြစ်တဲ့ အတွက် အဲဒီအဆိုနဲ့ပတ်သက်လို့ ဘယ်လိုဆောင်ရွက်မှုရှိတယ်ဆိုတာလည်း ရှင်းပြလို့ရရင် ရှင်းပြပေး စေချင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးမှာ လယ်သမားတွေရဲ့ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်ကို သိမ်းပြီးတော့မှ စိုက်ပျိုးစရိတ်ကို ချေးငွေချေးပေးပါတယ်။ ပဲခူးတိုင်းတစ်ခု တည်းလုပ်တာပါ။ အဲဒီတော့ အခုအမှန်တစ်ကယ်ဆိုလို့ရှိရင် ဥပဒေအတိုင်းဆိုလို့ရှိရင် တခြား ဘဏ်မှာလည်း ပေါင်လို့ရရမှာဖြစ်ပါတယ်။ အဲဒီလို ပေါင်မယ်ဆိုရင် ကျွန်တော်တို့ ဒီမူရင်းလက်မှတ် မရှိလို့ရှိရင် ပေါင်လို့မရပါဘူး။ အဲဒီတော့ အဲဒီကိစ္စနဲ့ပတ်သက်လို့ ဒီနှစ် စိုက်ပျိုးစရိတ်ချေးတဲ့အခါ မှာလည်း ပဲခူးတိုင်းဒေသကြီးတစ်ခုတည်းပဲ ပုံစံ-(၇) တွေကိုသိမ်းပြီးတော့ ဆက်ပြီးတော့ ချေးပေးမှာ လားဆိုတာကိုလည်း ဖြေရှင်းပေးဖို့လို့ အနူးအညွတ်တင်ပြပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ တောင်သူ လယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများကို ပြည်ထောင်စုလွှတ်တော်ရဲ့ ပြင်ဆင်ချက်နဲ့အတူ နည်းဥပဒေကို ရေးဆွဲပြီးတော့ ပြဋ္ဌာန်းနိုင်ဖို့အတွက်ကို ဒါဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အလားတူ တောင်သူလယ်သမားများအတွက် အဓိကလိုအပ်ချက် တွေဖြစ်တဲ့ နည်းပညာ၊ ပံ့ပိုးပစ္စည်း၊ စက်မှုလယ်ယာထွန်ယက်ရေး အလားတူ အရင်းအနှီးအတွက် ချေးငွေများကို ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ အတတ်နိုင်ဆုံး တောင်သူလယ်သမားများအကျိုးအတွက် ဦးစားပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ လည်း သက်ဆိုင်ရာ အဆိုတစ်ခုတင်သွင်းထားတဲ့အပေါ်မှာ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့က နေပြီးတော့ ဆောင်ရွက်မှုအခြေအနေတွေများကို လွှတ်တော်ကိုရှင်းပြနိုင်အောင်အတွက် တင်ပြချက် လည်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအချိန်ကြရင်လည်း အသေးစိတ်ကျွန်တော်က နည်းနည်းစောစောက တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးနဲ့ ပတ်သက်ပြီးတော့ လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေ ဘယ်လိုထုတ်ပြန်ထားတယ် ဆိုတာကို ဆက်လက်ပြီးတော့ အဲဒီအဆိုကို ရှင်းလင်းတဲ့အခါမှာ အကြာမီ ဆက်လက်ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ တောင်သူလယ်သမားများအရင်းအနှီးရဖို့အတွက် ချေးငွေနဲ့ ပတ်သက်လို့ကတော့ အထူးအလေးထားပြီးတော့ ဆောင်ရွက်ပါတယ်။ အထူးအလေးထားပြီး ဆောင်ရွက်တဲ့အတွက် သက်ဆိုင်ရာ ဘဏ္ဍာရေးဝန်ကြီးဌာနကို ကျွန်တော်တို့ ဝန်ကြီးဌာနက

အကြိမ်ကြိမ်သွားရောက်ပြီးတော့ တောင်သူလယ်သမားတွေ အချိန်မီရနိုင်ဖို့အတွက် အစိုးရအဖွဲ့က တင်ပြပြီးဆောင်ရွက်တဲ့အခါမှာ တောင်သူလယ်သမားတွေအတွက် မနှစ်ကအတိုင်း အတိုးသက်သာတဲ့ နှုန်းထားနဲ့ ပြန်ရရှိလာအောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ကြိုးစားဆောင်ရွက်ပြီးတော့ သက်ဆိုင်ရာချေးငွေညွှန်ကြားလွှာတွေကိုလည်းပဲ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်နဲ့အတူ သက်ဆိုင်ရာတွေက အတည်ပြုချက်ရတဲ့အခါမှာ ညွှန်ကြားချက်ထုတ်ပြန်ပြီးတဲ့အခါမှာ ဒီနှစ်မှာ စိုက်ချိန်အမီ ကျွန်တော်တို့ ချေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကို မေလ ၂၁ ရက်နေ့က စပြီးတော့ တစ်ပြိုင်တည်း မေလ ၁၈ ရက်လောက်မှာ ဘဏ်ကငွေရတာနဲ့ ချက်ချင်းတမ်းပြီးတော့ ချေးနေပြီဖြစ်ပါတယ်။ လက်ရှိတောင်သူလယ်သမားတွေအတွက် အရင်းအနှီးရအောင်လို့ ငွေချေးနေပြီဖြစ်ပါတယ်။ စတင်လည်းပဲ မေလ ၂၁ ရက်က စပြီးချေးပါတယ်။ အထူးသဖြင့်တော့ အောက်မြန်မာပြည်ဖြစ်တဲ့ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မွန်၊ ကရင်၊ တနင်္သာရီတိုင်းတွေက စောစောပိုင်းထဲမှာ မေလ ၁၈ ရက်နေ့လောက်မှာ မုတ်သုံဝင်ပြီးတော့ ဇွန်လဆန်းလောက်မှာ ပျိုးထောင်ကြပါတာဖြစ်ပါတယ်။ ဇွန်လဆန်းမှာ ပျိုးထောင်ပြီးတော့ ဇွန်လကုန်လောက်မှာအများဆုံး စိုက်ကြတာဖြစ်ပါတယ်။ ဒါကလက်ရှိမုတ်သုံဝင်တဲ့အပေါ်မှာမူတည်ပြီးတော့ ဖြစ်ပါတယ်။ အညာတိုင်းများဖြစ်တဲ့ မကွေး၊ မန္တလေး၊ စစ်ကိုင်းစတဲ့ တိုင်းတွေကတော့ ဇူလိုင်လလောက်မှ မိုးစပါးကို ပျိုးထောင်ပြီးတော့ ဩဂုတ်လကုန်လောက်မှစိုက်တာဖြစ်ပါတယ်။ ဒါကြောင့်အဲဒီတိုင်းတွေကတော့ ဒီနေ့ချေးထားသော်လည်းပဲ အဲဒီတိုင်းတွေက သက်ဆိုင်ရာတောင်သူတွေက စိုက်ပျိုးစရိတ်အတွက် သုံးချင်တာဖြစ်တဲ့အတွက် အဲဒီကျတော့မှ ကျွန်တော်တို့ အနီးကပ်ကြမှ ကျွန်တော်တို့ ချေးချင်ကြပါတယ်ဆိုသော်လည်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့တော့ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ချေးငွေတွေကို တစ်ပြိုင်တည်း ချေးပေးလျက်ရှိကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြလိုပါတယ်။ စောစောက တောင်သူလယ်သမားပုံစံ-(၇) နဲ့ပတ်သက်လို့လည်း ဒီနေ့ အသေးစိတ်ညွှန်ကြားချက်ထဲမှာထုတ်ပြန်ခဲ့ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ကတော့ ပုံစံ-(၇) မိတ္တူကို အရင်ကြိုပေးပါ။ မိတ္တူနဲ့ ကျွန်တော်တို့ကစစ်ပါမယ်။ စစ်ပြီးတော့ တစ်ကယ်ပိုင်ဆိုင်မှုရှိတယ်၊ မရှိတယ်ဆိုရင် အဲဒီအပေါ်မှာ ထုတ်ချေးပေးလျက်ရှိကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ တောင်သူလယ်သမားများကို ဝန်ကြီးဌာနအနေဖြင့် ကွင်းဆင်းပညာပေးလုပ်ငန်းများ Knowledge Extension Works ၊ ဘက်စုံအကျိုးပြုသီးနှံများ Multipurpose Cropping Pattern များ အကောင်အထည်ဖော်၍ ပြည်တွင်းမှာလည်း စားသုံးဆီကစ၍ ဖူလုံပြီး ပြည်ပသို့လည်း စီးပွားဖြစ်တင်ပို့ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည့်အစီအစဉ်များ Logistics Management Programme များအတွက်မေးမြန်းခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်လှိုင်(ဖြူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေလို့ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအား တဖြည်းဖြည်းတိုးတက်လာပြီး ၂၀၁၅ ခုနှစ်မှာ Export ဆန်တန် ၁.၇ သန်းတန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ၁၉၀၅ ခုနှစ်မှစ၍ စစ်ကြိုခေတ်၊ စစ်ပြီးခေတ် ၁၉၆၄ ခုနှစ်အထိ ပျမ်းမျှဆန်တန်ချိန် ၃ သန်းခွဲအထိ နှစ်ပေါင်း ၅၀ ကျော် တင်ပို့ခဲ့ပါတယ်။ ကမ္ဘာ့ဈေးကွက်က တောင်းဆိုတဲ့အရည်အသွေးကောင်း၊ ဈေးနှုန်းကောင်းတဲ့ အဆင့်မြင့်စပါးများ စိုက်ပျိုးထုတ်လုပ်ဖို့ လိုပါတယ်။ ဆောင်းသီးနှံ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲမျိုးစုံတို့ကလည်း ပြည်ပဝယ်လိုအား မြင့်မားပြီး ဈေးလည်းကောင်းတဲ့အတွက် မျိုးကောင်းမျိုးသန့်များ၊ ရေလိုအပ်ပါက ဆည်မြောင်းများဖြင့် ရေသွင်းပြီး စိုက်ဧကများ တိုးချဲ့စိုက်ပျိုးဖို့လိုပါတယ်။ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်တို့ကို ပြည်တွင်းစားသွင်းမှုလုံလောက်အောင် စိုက်ဧကများတိုးချဲ့ပြီး မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးဖို့လိုပါတယ်။ ပြည်ပစားအုံးဆီတွေသွင်းပြီး ပြည်တွင်းမှာစားသုံးနေရတာ မဖြစ်သင့်ပါဘူး။ ဆီထွက်ပြီး၊ ဆီထုတ်ပြီး ပဲပုပ်ဖတ်၊ မြေပဲဖတ်၊ နှမ်းဖတ်တို့ဟာ မွေးမြူရေးအစာအတွက် အကောင်းအစား ပရိုတင်းများ ဖြစ်ကြပါတယ်။ ကျုန်စိုက်ပျိုးရေးဟာလည်း သကြားထုတ်လုပ်ရေးအတွက်သာမက Sustainable Energy Ethanol လောင်စာဆီရဲ့ကုန်ကြမ်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးရှိ တောင်သူလယ်သမားများကို ဝန်ကြီးဌာနအနေဖြင့် ကွင်းဆင်းပညာပေးလုပ်ငန်းများ၊ ဘက်စုံအကျိုးပြုသီးနှံပုံစံများ၊ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်၍ ပြည်တွင်းမှာလည်း ဆန်၊ ဆီကအစ ဖူလုံပြီး ပြည်ပသို့လည်း စီးပွားဖြစ်တင်ပို့ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့် လုပ်ငန်း

အစီအစဉ်များ Logistics Management Programme များကို မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဆက်လက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ အဓိကရည်မှန်းချက်တာဝန်ကြီး (၃)ရပ်ဖြစ်တဲ့ နိုင်ငံသားအားလုံးတို့ရဲ့ ကျန်းမာရေးနဲ့ပြည့်စုံပြီး အာဟာရပြည့်ဝတဲ့ စားနပ်ရိက္ခာဖူလုံရေးနှင့် ပိုလျှံရေး (Food Sutural and Nutration)၊ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လယ်ယာထုတ်ကုန်များ နိုင်ငံတကာဈေးကွက်ယှဉ်ပြိုင်နိုင်ရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် မတူညီတဲ့သဘာဝရေမြေ၊ ရာသီဥတုအခြေအနေများနှင့်ကိုက်ညီတဲ့ သီးနှံမျိုးကွဲများ၊ သီးနှံပုံစံများ ရွေးချယ်စိုက်ပျိုးနိုင်ရေးနှင့် ဈေးကွက်ဝင်သီးနှံများ ပြောင်းလဲတိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် တောင်သူပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ နှစ်စဉ်တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးပြည့်မီတဲ့ ဈေးကွက်ဝင်သီးနှံများ တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မတ်လကုန်အထိ ဆန်တန်ချိန် ၁.၈ သန်း၊ ပဲမျိုးစုံတန်ချိန် ၁.၂၂ သန်း၊ အစေ့ထုတ်ပြောင်း တန်ချိန် ၁.၃ သန်းကျော်၊ ဆီထွက်သီးနှံမြေပဲဆံတန်ချိန် ၀.၀၅ သန်း၊ နှမ်းသီးနှံတန်ချိန် ၀.၀၉ သန်း စသဖြင့် တစ်နှစ်ထက်တစ်နှစ် နိုင်ငံခြားကိုတိုးတက်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုအနေနဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ဆန်ဖူလုံမှုအနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၄၂ ရာခိုင်နှုန်းနှင့် ဆီဖူလုံမှုအနေနဲ့ အထွက်ရဲ့အပေါ်မှာမူတည်ပြီးတွက်ချက်ပါက ဆီဖူလုံမှုဟာ ၁၇၁ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါတယ်။ သို့သော်လည်းပဲ ဒီနေ့ စားသုံးဆီဈေးနှုန်းကြီးမြင့်နေခြင်းဟာ နိုင်ငံခြားတင်ပို့တဲ့အခါမှာ မြေပဲလုံးဆံအနေနဲ့သော်လည်းကောင်း၊ နှမ်းကို နှမ်းအဖြစ်နဲ့လည်းကောင်း နိုင်ငံခြားကို တင်ပို့နေတဲ့အတွက် ပြင်တွင်းမှာ

ဆီကြိတ်ဖို့ အားနည်းနေတာဖြစ်ပါတယ်။ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ကို တောင်သူများ လိုက်နာကျင့်သုံးနိုင်ဖို့ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်သုံးစွဲမှုတိုးတက်ရေးအတွက် စပ်မျိုးများထုတ်လုပ်ခြင်း၊ စံပြကွက်များ စိုက်ပျိုးပြသခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများ နည်းပညာပေးသင်တန်းများနှင့် ကွင်းပြပွဲများပြုလုပ်ပြသခြင်း စသဖြင့် သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်စပ်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ပြီး တိုးမြှင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

၎င်းအပြင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ JICA ၊ IRRI ၊ KOICA ၊ ACIAR စတဲ့ အဖွဲ့အစည်း များနှင့်ပူးပေါင်းပြီးတော့လည်းပဲ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက်ပူးပေါင်းပြီး ဆောင်ရွက် လျက်ရှိပါတယ်။ လက်ရှိစိုက်ပျိုးနေတဲ့ အထွက်ကောင်းမျိုးများအပြင် စပ်မျိုးစပါးနှင့် စပ်မျိုးနေကြာ၊ စပ်မျိုးအစေ့ထုတ်ပြောင်း စသည့်မျိုးစေ့ထုတ်လုပ်တဲ့လုပ်ငန်းများကိုလည်းပဲ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပြီး ရေမြေအခြေအနေပေးတဲ့ဒေသများ တိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်လျက် ရှိပါတယ်။

အလားတူ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)က ပညာရှင်များဖွဲ့စည်းပြီး ပညာပေး Mobile Team များဖွဲ့ကာ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးကို တစ်နှစ်လျှင်နှစ်ကြိမ်၊ သုံးကြိမ် သီးနှံအလိုက် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် တောင်သူများဗဟုသုတဖြစ်ဖွယ် တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်းအစီအစဉ် (Farmer Channel Line) များကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ကစတင်ပြီးတော့ မြန်မာ့အသံနှင့်ပူးပေါင်းပြီး နေ့စဉ် နံနက် ၆ နာရီကနေ ည ၁၀ နာရီအထိ Farmer Channel Line များကို တောင်သူပညာပေးလုပ်ငန်းများ လွှင့်ထုတ်ပြီး ပြသပေးလျက်ရှိပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံမှာလည်းပဲ မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသည်တို့ ဖြစ်ပေါ်လျက်ရှိရာမှာ ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေဖို့အတွက် သီးနှံ စိုက်ချိန်ပြောင်းလဲခြင်း (Time of Sowing)၊ သီးနှံပုံစံပြောင်းလဲခြင်း (Cropping Pattern)၊ သီးနှံ အမည်သစ်များပြောင်းလဲစိုက်ပျိုးခြင်း၊ သက်တမ်းတိုရေလိုအပ်ချက်နည်းတဲ့ သီးနှံမျိုးများ ပြောင်းလဲ စိုက်ပျိုးစေခြင်း၊ ရေကြီးနစ်မြုပ်ဒဏ်ခံနိုင်တဲ့မျိုးစေ့များကို ဖော်ထုတ်ပြီးစိုက်ပျိုးစေခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ခင်း (Agro Forestry) တို့ကို ပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးတွက်ခြေ ကိုက်စေမယ့် ဒေသနှင့်ကိုက်ညီတဲ့ သီးနှံပုံစံများ ရွေးချယ်စိုက်ပျိုးနိုင်ဖို့အတွက် ဆည်ရေသောက်ဒေသ တွေမှာ စပါးအခြေခံ စပါး-ပဲမျိုးစုံ-နွေးစပါး (၃)သီးစိုက်ပုံစံ၊ မိုးစပါး-နွေစပါး သို့မဟုတ် မိုးစပါး-

ဆောင်းသီးနှံစသည့် သီးနှံပုံစံ၊ မိုးကောင်းသောက်လယ်မြေများမှာ စပါးအခြေခံ စပါး-ဟင်းသီး ဟင်းရွက်-ပဲမျိုးစုံ/ဆီထွက်သီးနှံ သီးနှံပုံစံ၊ ဆည်ရေသောက်ယာမြေများမှာ (၃)သီး စိုက်ပျိုးတဲ့ သီးနှံပုံစံ မိုးကောင်းသောက်ယာမြေများမှာ (၂)သီးစိုက်တဲ့သီးနှံပုံစံတွေကို ပညာပေးဖော်ထုတ်ပြသဆောင်ရွက် လျက်ရှိပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ (၁) ဝန်ထမ်းများ သင်တန်းပေး၍ တောင်သူလယ်သမားကွင်းထဲအရောက် လေ့လာတဲ့စနစ်ပုံစံ (Training and Visit System)၊ (၂) သုတေသနစိုက်ကွင်းများမှာ သရုပ်ပြစိုက်ပျိုးထားပြီး တောင်သူများအား ဖိတ်ကြားပြသတဲ့နည်းစနစ်ပုံစံ (Field Day; Demonstration Plot System)၊ (၃) လူထုဆက်သွယ် ရေးလမ်းကြောင်းအမျိုးမျိုးဖြင့် နည်းပညာအသစ်များကို တောင်သူဆီအရောက် ပို့ဆောင်ပေးတဲ့စနစ် (Mass Media Method) စိုက်ပျိုးရေးသတင်းဂျာနယ်၊ ရေဒီယို၊ တီဗွီ၊ တောင်သူလယ်သမားရုပ်သံ လိုင်း စသဖြင့် ပုံစံ၊ (၄) တောင်သူလယ်ယာမြေ စိုက်ကွင်းများမှာ တောင်သူများအား သင်ပေးတဲ့စနစ် ပုံစံ (Farmer Field School System)၊ (၅) တောင်သူများအနှင့်အတူ ပူးတွဲပြီးတော့ သူတို့၏လိုအပ် ချက်များကို သုံးသပ်ဆန်းစစ်ပြီး အကဲဖြတ်ဖြည့်ဆည်းတဲ့နည်းစနစ် (Participatory Rural Appraisal System-PRA) နည်းလမ်းများကို မိမိဒေသရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီတဲ့ပုံစံများနဲ့ တောင်သူ ပညာပေးလုပ်ငန်းများကို ဒီနေ့ ကွင်းဝန်ထမ်းများ တိုးချဲ့ခန့်ထားကာ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် ပြောင်းလဲတိုးတက်နေတဲ့ ဒီနေ့ IT ခေတ်ကြီးမှာ ခေတ်မီဆက်သွယ်ရေးလမ်းကြောင်းနဲ့ ဝန်ထမ်းများရဲ့ ဖုန်းနံပါတ်များကို တောင်သူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ထံ အသိပေးထားပြီး စိုက်ပျိုးရေးနှင့်ပတ်သက်တဲ့အခက်အခဲများကို အချိန်မရွေးဖြေရှင်းပေးနိုင်ဖို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် တယ်လီဖုန်းစင်တာ (Call Center) များကို တည်ထောင်ပြီးတော့ တောင်သူများရဲ့ အခက်အခဲများကို ကွင်းဝန်ထမ်းများက ဖြေရှင်းဆောင်ရွက် လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မကွေးမြို့နယ်၊ မြို့နယ်နိမိတ်တိုးချဲ့ရေး စီမံကိန်းအားအကောင်အထည်ဖော်ရာတွင် ဒေသခံကျေးရွာ အုပ်စု (၁၃)စုမှ ယာမြေဧက (၂၅၅၀၂)ကို သိမ်းဆည်းရေးနှင့်ပတ်သက်၍ မည်ကဲ့သို့ စဉ်းစားဆုံးဖြတ် မည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်မိုးညို(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံသူနိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက် ဆောင်ရွက်နေတဲ့စီမံကိန်းများကို ကြိုဆိုပါတယ်။ ဒါပေမယ်လို့ လယ်ယာမြေ များကို လက်လွတ်စပယ်သိမ်းယူပြီးလယ်ပိုင်ရှင်များရဲ့ လူမှုစီးပွားဘဝထိခိုက်နစ်နာမှုများကို အလေး မထားတဲ့ကိစ္စရပ်မျိုးကိုတော့ လက်မခံနိုင်ပါဘူး။ နိုင်ငံတော်အစိုးရက လယ်ယာမြေများကို သိမ်းယူခဲ့ သော်ငြားလည်းပဲ မအောင်မြင်တဲ့စီမံကိန်းများအကြောင်း ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဥပမာအားဖြင့် လယ်ယာမြေဧက ရာနဲ့ချီပြီး သိမ်းဆည်းအကောင်အထည်ဖော် နေသော်လည်းပဲ နေ့စဉ်ကျပ်ငွေသိန်းပေါင်းများစွာ အရှုံးခံပြီးလည်ပတ်နေရတဲ့ ပွင့်ဖြူမြို့ အထည်ချုပ် စက်ရုံကြီးနဲ့ တပ်မတော်ဝါစိုက်ခင်း၊ ဒါ့အပြင် မင်းဘူးမြို့မှ ပခုက္ကူမြို့သို့ လယ်ယာမြေဧက များစွာ သိမ်းဆည်းပြီးဖောက်လုပ်ထားတဲ့ ရထားလမ်း၊ ရထားလည်းတစ်စင်းမှမသွားသေးပါဘူး။ လျော်ကြေး လည်းတစ်ပြားမှမရကြသေးပါဘူး။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့မျက်နှာပြင်ရဲ့ လေးပုံ သုံးပုံဟာ ပင်လယ်သမုဒ္ဒရာများဖြစ်ပြီး လေးပုံတစ်ပုံသာလျှင် ကုန်းမြေဖြစ်တယ်ဆိုတဲ့အချက်ကို လူတိုင်းလိုလိုသိရှိသဘောပေါက်ကြပါတယ်။ သို့ပေမယ့်လို့ ကမ္ဘာ့မျက်နှာပြင်ရဲ့ အပုံ ၃၂ ပုံပုံလျှင် တစ်ပုံသာလျှင် သီးပင်စားပင် အောင်မြင်စွာ ဖြစ်ထွန်းနိုင်သော စိုက်ပျိုးရေးရနိုင်သော မြေဧရိယာဖြစ်တယ်ဆိုတဲ့အချက်ကို သိရှိသဘောပေါက် နားလည်သူ အင်မတန်ရှားပါတယ်။ ဒါကြောင့်လည်း ရွှေသီးတဲ့မြေကြီးလို့ တင်စားပြောကြခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံလို စိုက်ပျိုးရေးကိုမှီခိုအားထားနေရတဲ့၊ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ လယ်ယာမြေများရဲ့ တန်ဖိုးရှိမှုဟာစာဖွဲ့လို့မရနိုင်ပါဘူး။ ဒီလိုတန်ဖိုးဖြတ်မရတဲ့ လယ်ယာမြေတွေကိုမတန်တဆစျေးနဲ့ သိမ်းပိုက်ခံနေရတဲ့ ဥပမာများဟာလည်း မျက်မြင်ကိုယ်တွေ့ ဖြစ်ပါတယ်။ ဥပမာအားဖြင့် မကွေးမြို့ လေတပ်စခန်းဌာနချုပ်အတွက် နှမ်းနှင့်မြေပဲစိုက်ပျိုးရန် အကောင်းဆုံးဖြစ်တဲ့ယာမြေဧက ၁၀၀၀ ခန့် ကို ၂၀၀၁-၂၀၀၂ ခုနှစ်ကသိမ်းပိုက်ခဲ့ပြီး ၂၀၀၈ ခုနှစ် ရောက်တော့ မယူမနေရလက်မှတ်ထိုးပြီး

လျော်ကြေးယူရမယ်ဆိုလို့ လျော်ကြေးယူခဲ့တော့ တစ်ဧက လျှင် ၅၀၀၀ ကျပ်သာရပါတယ်။ ထိုစဉ်ကာလပေါက်ဈေးအရ ယာမြေတစ်ဧကကို ကျပ်ငွေသိန်း ဆယ်နဲ့ချီပြီးတန်ဖိုးရှိတဲ့ ယာမြေများဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မရှင်က ကာလပေါက်ဈေးအတိုင်းလျော်ကြေးပေးရန်ဆုံးဖြတ်ထားတာအားလုံးအသိပဲဖြစ်ပါတယ်။ မကွေးမြို့နယ် မြို့နယ်နိမိတ်တိုးချဲ့သတ်မှတ်ရေးအတွက် မကွေးမြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၁၃ အုပ်စု အတွင်းက ယာမြေဧက ၂၂၅၀၀ ကျော်ကိုလည်းပဲ တစ်ဧကကျပ်ငွေ ၅၀၀၀ ပေးပြီး မတရားသိမ်းပိုက်လေမလားလို့ တောင်သူဦးကြီးများက အလွန်စိုးရိမ်ပူပန်လျက်ရှိပါတယ်။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည့်ဝမ်းကိုမဖောက်ရာ၊ ပြည့်ဦးကင်းကိုမနှိမ်ရာ၊ ပြည့်ခြေပြည့်လက်ကိုမချိုးရာ၊ ပြည့်မျက်နှာကိုမဖျက်ရာဆိုတဲ့ ပညာရှိဆုံးမစကား ရှိပါတယ်။ တရုတ်ပြေးမင်းလို့ အမည်ပေးခံရတဲ့ နရသီဟပတေ့မင်းထွက်ပြေးတိမ်းရှောင်နေခိုက် တိုင်းရေးပြည်ရာတွေနဲ့ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးတဲ့အခါ ပညာရှိမိဖုရားဖွားစောက ဖြေကြားခဲ့တဲ့စကားများပင်ဖြစ်ပါတယ်။ ဒါတွေကိုလုပ်ရင် ဒီတိုင်းနိုင်ငံအတွက် ကောင်းကျိုးမဖြစ်ဘူးလို့ ဆိုလိုရင်းဖြစ်ပါတယ်။ လယ်သိမ်းယာသိမ်းပြီး စီမံကိန်းတွေကို အကောင်အထည်ဖော်၊ စီမံကိန်းတွေကလည်း မအောင်မြင်၊ ဆန္ဒပြတဲ့တောင်သူ လယ်သမားများလည်း ဖမ်းဆီးထောင်ချခံနေကြရ၊ ကိုယ့်ကိုယ်ကို မီးရှို့ဆန္ဒပြရ၊ ထွန်တုံးတိုက်ပွဲတွေ ဆင်နွှဲနေကြရတယ်ဆိုရင် နိုင်ငံတော်အစိုးရအနေနဲ့ ပြည့်ဝမ်းကိုဖောက်ရန် မရည်ရွယ်သော်လည်း ပြည့်ဝမ်းကိုဖောက်ဘိသကဲ့သို့ဖြစ်နေမှာ အင်မတန်စိုးရိမ်မိပါတယ်။ လက်မှတ်ရေးထိုးတိုင်ကြားကြတဲ့ မကွေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စုအတွင်းက တောင်သူဦးကြီးများရဲ့တိုင်ကြားစာမှာ မကွေးမြို့ မြို့နယ်နယ်နိမိတ်တိုးချဲ့ရာတွင် ကျေးရွာအုပ်စု ၁၃ အုပ်စု အတွင်းမှ လက်ရှိလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများကိုသိမ်းဆည်း၍ အကောင်အထည်ဖော်မည်ဆိုပါက ယခုတွင်မက နောင်တွင်လည်း လုံးဝသဘောမတူနိုင်ကြောင်း ဖော်ပြထားပါတယ်။

သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ် မြို့နယ်နယ်နိမိတ်တိုးချဲ့ရေးစီမံကိန်းအား အကောင်အထည်ဖော်ရာမှာ ဒေသခံကျေးရွာအုပ်စု ၁၃ အုပ်စုမှ ယာမြေဧက ၂၅၅၀၂ ကို သိမ်းဆည်းရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများအနေနဲ့ မည်ကဲ့သို့ စဉ်းစားဆုံးဖြတ်မည်ကို သိရှိလိုပါကြောင်း စိုးရိမ်သောကရောက်နေရသည့် မကွေးမြို့နယ် ယာတောင်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**မှုကြမ်း**

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညို၏ မေးခွန်းနဲ့ပတ်သက်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား လေးစားစွာဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျာ။ မကွေးမြို့ရဲ့ မြို့နယ်နယ်နိမိတ်တိုးချဲ့ရန်အတွက် မြို့ပြစီမံကိန်း (Town Plan) ရေးဆွဲဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်ဒေသစီမံကိန်းဌာနခွဲမှ ၂၈-၁-၂၀၁၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အား မြို့ပြစီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပါတယ်။

မကွေးမြို့ရဲ့ မြို့နယ်နယ်နိမိတ်တိုးချဲ့ရန်အတွက် နယ်နိမိတ်များသတ်မှတ်တိုင်းတာခြင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြေစာရင်းဦးစီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတာဝန်ရှိသူများမှ ကွင်းဆင်းလေ့လာတိုင်းတာခဲ့ပါတယ်။ မကွေးမြို့ရဲ့ မူလမြို့မြေမှာ ၄၉၁၆ ဧကရှိပြီး နောင်တိုးတက်လာမည့် လူဦးရေ၊ ဖွံ့ဖြိုးတိုးတက်လာမည့် မြို့အခြေအနေဖွံ့ဖြိုးရေးဇုန်များနှင့် မကွေးမြို့အား မျှတစွာဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်တို့ဖြင့် မကွေးမြို့၏ နယ်နိမိတ်အား ၃၁၄၁၈ ဧကသို့ တိုးချဲ့သတ်မှတ်ရန် လျာထားတိုင်းတာခဲ့ပါတယ်။ ထိုသို့ မြို့နယ်နိမိတ်တိုးချဲ့သတ်မှတ်နိုင်ရေးဆောင်ရွက်ရာတွင် ထုံးပေါက်တော၊ နံကပ်ကျွန်း၊ နတ်ကန်၊ ဒဟတ်ကန်၊ ဆားတိုင်ကန်၊ ကံပြား၊ ဘုရားပြို၊ မကြီးကန်၊ ဖုတ်ကုန်း၊ သပြေစမ်း၊ မယ်လှတောင်၊ ဇီးကျွန်း၊ ပုထိုးစသည့် ကျေးရွာအုပ်စု ၁၃ အုပ်စုမှ စိုက်ပျိုးမြေ ၁၅၀၃၁ ဧက၊ မစိုက်ပျိုးနိုင်သောမြေ ၁၀၆၇၉ ဧက၊ ရွာမြေ ၇၆၇ ဧက၊ မြေရိုင်း ၂၅ ဧက စုစုပေါင်းမြေ ၂၆၅၀၂ ဧကတို့ ပါဝင်လာခဲ့ပါတယ်။ မကွေးမြို့၏ မြို့နယ်နယ်နိမိတ် တိုးချဲ့ဖွဲ့စည်းရာတွင် ပါဝင်သောကျေးရွာများမှ ယာမြေများအား သိမ်းယူသွားမည်မဟုတ်ကြောင်းနှင့် နောင်တိုးတက်လာမည့် လူဦးရေအရ မြို့ပြစီမံကိန်း (Town Plan) ကိုသာ ရေးဆွဲ

ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာအုပ်စုမှ တောင်သူ (၉၀)ဦး၏ လယ်မြေခြံမြေ(၄၁၆)ဧကကို သိမ်းဆည်းထားသော သီရိဘက်စုံကုမ္ပဏီက စွန့်လွှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဦးတိန်ကော်ဇော်တောင်ပါ (၅) ဦးအပေါ် တရားစွဲဆိုထားခြင်းကို အမှုပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ဒီနေ့အစည်းအဝေးကိုတက်ရောက်သူများအားလုံး မင်္ဂလာပါရှင်။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ကော်မရှင်ရဲ့အစီရင်ခံစာအပိုင်း (၁)၊ (၂)၊ (၃)အပေါ် ပွင့်လင်းမြင်သာစွာဖြင့် အမြန်ဆုံးပြီးပြတ်အောင်ဆောင်ရွက်ပေးရေးအဆိုကို တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ယင်းအဆိုမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့ကျေးရွာအုပ်စု တွင် သီရိဘက်စုံကုမ္ပဏီအမည်ဖြင့် မြေဧက ၃၀၀၀ ခန့်လုပ်ပိုင်ခွင့်ချထားပေးခဲ့သည့်မြေမှာ ဒေသခံတောင်သူ (၉၀) ဦးရဲ့ လယ်မြေနှင့် ခြံမြေ စုစုပေါင်း (၄၁၆) ဧက ပါဝင်သွားခဲ့ပါတယ်။ အဆိုပါကုမ္ပဏီအနေနဲ့ ဧက ၃၀၀၀ ခန့် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားတဲ့အတွက် တောင်သူများရဲ့မြေ(၄၁၆)ဧကကို ပြန်လည်စွန့်လွှတ်ပြီး မူလတောင်သူများသို့ ပြန်လည်လွှဲပြောင်းပေးမည်ဆိုပါက ကုမ္ပဏီ၏အကျိုးစီးပွားကို များစွာထိခိုက်နစ်နာမှုမရှိစေနိုင်သဖြင့် အဆိုပါမြေများကို ပြန်လည်စွန့်လွှတ်၍ မူလတောင်သူများသို့ ပြန်လည်လွှဲပြောင်းပေးသင့်ပါသည်ဟု ဖော်ပြထားရှိပါတယ်။ အဲဒီအဆိုအပေါ်မှာ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့မှ ကန့်ကွက်သူ မရှိထောက်ခံအတည်ပြုခဲ့ပါတယ်။ သို့ပါသော်လည်း လက်တွေ့မှာ အောက်ခြေမှာ ပြည်ထောင်စုလွှတ်တော်ရဲ့အဆုံးအဖြတ်အတိုင်းဖြစ်မလာဘဲနဲ့ ဒေသခံတောင်သူများကို တရားစွဲဆိုခြင်းနှင့် တားမြစ်ချက်အမျိုးမျိုးပေးပို့ခြင်း၊ မလိုက်နာလျှင် ဥပဒေအရအရေးယူမည်ဟု ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေပါသဖြင့် တောင်သူများအနေဖြင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲဒုက္ခများနဲ့ တွေ့ကြုံခံစားလျက်ရှိ နေကြပါတယ်။ ယခုအခါ သီရိဘက်စုံကုမ္ပဏီမှခြံတာဝန်ခံ ဦးသန်းရွှေက တရားလိုပြုလုပ်ကာ မြေသိမ်းခံရသူ နန်းကွေ့ကျေးရွာအုပ်စု တောင်သူ (၉၀)၏ ခေါင်းဆောင်များဖြစ်သူ ဦးတိန်ကော်ဇော်တောင်ပါ (၅)ဦး

ကို ၂၀၁၂ ခုနှစ်၊ မြေလွတ်၊မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၇ အမှုအမှတ် (၅၈၁/၂၀၁၄) ဖြင့် မြစ်ကြီးနားမြို့နယ်တွဲဖက်မြို့နယ်တရားရုံးမှ အမှုစွဲဆိုထားတဲ့အကြောင်း တရားရင်ဆိုင်နေရကြောင်း တောင်သူများရဲ့တင်ပြချက်အရ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ မေးခွန်း(၁) ပြည်ထောင်စုလွှတ်တော်က ပြန်လည်လွှဲပြောင်းပေးသင့်ကြောင်း အတည်ပြုထားတဲ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ နန်းကွေ့ကျေးရွာအုပ်စုမှ တောင်သူ(၉၀)ဦး၏ လယ်မြေ၊ ခြံမြေ ၄၁၆ ဧကကို သိမ်းဆည်းထားသောကုမ္ပဏီက စွန့်လွှတ်ပေးနိုင်ခြင်းရှိ/မရှိ၊ မစွန့်လွှတ်နိုင်ပါက အဘယ်ကြောင့်နည်း။ မေးခွန်း(၂) နန်းကွေ့ကျေးရွာ တောင်သူ(၉၀)ဦးကိုယ်စား မြေယာပြန်လည်ရရှိရေး ဦးဆောင်နေကြသူ ခေါင်းဆောင်များဖြစ်သည့် ဦးတိန်ကော်ဇော်တောင်ပါ (၅)ဦးအပေါ် တရားစွဲဆိုထားခြင်းကို သီရိဘက်စုံကုမ္ပဏီက အမှုပြန်လည် ရုပ်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း တောင်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ** ။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ ဆက်လက်၍ ကျွန်တော်အနေနဲ့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ၏ မေးခွန်းနဲ့ပတ်သက်ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လေးစားစွာဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ နန်းကွေ့ကျေးရွာအုပ်စုမှ တောင်သူ ၉၀ ဦးတင်ပြသော မြေနေရာသည် မြစ်ကြီးနားမြို့နယ်၊ မော်ဖောင်းကျေးရွာအုပ်စု ဝss-၁၂၁ ပိတောက်ဘေးမဲ့တော (ပယ်ဖျက်)ကွင်းသည် ပိတောက်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဧရိယာ ၁၄၂၂၈၇ ဧကအတွင်း ပါဝင်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၆)ဖြင့် သစ်တောဘေးမဲ့တောဧရိယာအတွင်းမှ ပယ်ဖျက်ခဲ့၍ မြေလွတ်၊မြေရိုင်းအဖြစ် ပြောင်းလဲခဲ့ပါတယ်။ တင်ပြပါ တောင်သူ (၉၀) ဦးသည် ယခင်သစ်တောဧရိယာအတွင်းမှ ပယ်ဖျက်မှုမရှိစဉ်က သစ်တောမြေဧရိယာအတွင်း ကျူးကျော်စိုက်ပျိုးခဲ့သူများ ဖြစ်ပါတယ်။ သစ်တောဧရိယာအတွင်းမှပယ်ဖျက်၍ မြေလွတ်၊ မြေရိုင်း

အဖြစ် ပြောင်းလဲသွားသော မြေများအနက် ဗဟိုမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုအဖွဲ့ ၉-၂-၂၀၀၇ ရက်စွဲပါစာအမှတ် ၃၂၁၂/မယ(ဖ)(၁၁)ဖြင့် ဧရိယာ ၂၀၀၀ ဧကကို ရာဘာ၊ ပျဉ်းကတိုး စိုက်ပျိုးရန် သီရိဘက်စုံကုမ္ပဏီမှ ဒေါ်သီရိဆွေ အမည်ဖြင့်လည်းကောင်း၊ ၁၈-၅-၂၀၀၇ ရက်စွဲပါ စာအမှတ်၊ ၆၉၅/မယ(ဖ)(၁၁)ဖြင့် ဧရိယာ ၉၇၅ ဧကကို ရာဘာစိုက်ပျိုးရန် ဦးကျော်သီဟ အမည်ဖြင့် လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၃၇ ခုနှစ်အထိ နှစ်(၃၀)လုပ်ပိုင်ခွင့်အား ရရှိထားကြောင်း၊ အဆိုပါ ဧရိယာအတွင်း၌ သီရိဘက်စုံကုမ္ပဏီမှ ကျွန်း၊ ပိတောက်၊ သစ်မွှေး၊ ဒညင်း၊ ကြက်ဆူ စသည့် နှစ်ရှည် ပင်များ၊ ရာသီသီးနှံများ စိုက်ပျိုးထားကြောင်း၊ ၎င်းအပြင် တိရစ္ဆာန်မွေးမြူခြင်း၊ ငါးမွေးမြူခြင်းလုပ်ငန်း များကို လုပ်ကိုင်လျက်ရှိကြောင်း၊ ၎င်းကုမ္ပဏီအနေဖြင့် ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့် ခွဲမှုအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ခြင်းသာဖြစ်၍ ပြန်လည်စွန့်လွှတ်ရန်မရှိကြောင်း သိရှိရ ပါသည်။

အထက်ပါ သီရိဘက်စုံကုမ္ပဏီမှ လုပ်ကိုင်ခွင့်ရ ဧရိယာအတွင်းရှိ ဦးပိုင်အမှတ် (အင်န်- ၄၃/၁)နှင့် (အင်န်_၄၃/၂) (၉၇၅)ဧကအကျယ်ရှိ မြေယာကွက်၏မြောက်ဘက်ခြမ်းမြေယာကွက် အတွင်းသို့ ဦးတိန်ဂေါ်ဇော်တောင်ပါ (၅)ဦးမှ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ဝင်ရောက်ကျူးကျော်၍ ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုများကို ဟန့်တားနှောင့်ယှက်မှုများပြုလုပ်နေခြင်း၊ ခြံအတွင်းရှိ သစ်ပင် များကိုခုတ်ခြင်း၊ ခုတ်ပိုင်းပြီးသော သစ်ပင်များကို သယ်ယူခြင်းပြုလုပ်ကြသည့်အပြင် စိုက်ပျိုးခြံ အတွင်း မီးရှို့ခြင်း၊ ခြံကာခြင်း၊ ဝင်ရောက်စိုက်ပျိုးခြင်း၊ လူနေတဲများဆောက်လုပ်နေထိုင်လျက်ရှိခြင်း တို့ကြောင့် ထိုသို့မပြုလုပ်ရန်ပြောဆိုသော်လည်း ၎င်းတို့မှ လက်ခံမှုမရှိဘဲ ကျူးကျော်မြဲ ကျူးကျော်နေ ကြသည့်အပြင် စွပ်စွဲတိုင်တန်းသူ၏ အသက်အန္တရာယ်ကို စိုးရိမ်အောင်ဟန့်တားနှောင့်ယှက်လာမှုတို့ ကြောင့် ဥပဒေအရအရေးယူပေးပါရန် သီရိဘက်စုံကုမ္ပဏီမန်နေဂျာ ဦးသန်းရွှေက မြစ်ကြီးနားမြို့နယ် တရားရုံးသို့ ၁၁-၈-၂၀၁၄ ရက်စွဲပါစာဖြင့် လျှောက်ထားလွှာဖြင့် ဦးတိုက်လျှောက်ထားခဲ့ကြောင်း၊ အဆိုပါ ဦးတိုက်လျှောက်ထားမှုကို မြစ်ကြီးနားမြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှတ် (၅၈၁၂/၂၀၁၄) ဖြင့် လက်ခံရေးဖွင့်ပြီး မြစ်ကြီးနားမြို့နယ်ရဲစခန်းသို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ အရ စုံစမ်း စစ်ဆးစေခဲ့ကြောင်း၊ အမှုအား မြစ်ကြီးနားမြို့နယ်တရားရုံးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံ ခန့်ခွဲရေးဥပဒေပုဒ်မ ၂၇ အရ စစ်ဆေးရန် ၂၆-၁-၂၀၁၅ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ပြီး တရားခံငါးဦး ကို ကျပ် ၅ သိန်းတန် ခံဝန်သူနှစ်ဦးစီဖြင့် အချုပ်လွှတ်ထုချေခွင့်ပြုထားခဲ့ပြီး တရားလို ဦးသန်းရွှေ အား ၂၀-၃-၂၀၁၅ ရက်နေ့တွင် စတင်စစ်ဆေးခဲ့ပါကြောင်း၊ တရားခံငါးဦး၏ အကျိုးဆောင်ရှေ့နေမှ

တရားလိုဘက်မှမှတ်တမ်းဓာတ်ပုံများ၊ စာရွက်စာတမ်းများကို သက်သေခံတင်သွင်းခြင်းအပေါ် မကျေနပ်သဖြင့် မြစ်ကြီးနားခရိုင်တရားရုံးသို့ပြင်ဆင်မှုတင်သွင်းရန် လျှောက်ထားခဲ့သဖြင့် အမှုကို ၃၀-၃-၂၀၁၅ ရက်နေ့သို့ ထပ်မံချိန်းဆိုထားကြောင်း၊ တရားရုံးသို့ ဦးတိုက်လျှောက်ထားခြင်းဖြစ်၍ အမှုအား ပြန်လည်ရုပ်သိမ်းခြင်း၊ မရုပ်သိမ်းခြင်းမှာ သက်ဆိုင်ရာ တရားရုံးနှင့် တရားစွဲဆိုသူ၊ တရားစွဲဆိုခံရသူတို့အပေါ်တွင်သာ မူတည်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းကို ပြန်လည်မေးမြန်းလိုပါတယ်။ ယခုကိစ္စကတော့ အခု ဒုတိယဝန်ကြီးအနေနဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လာရောက်တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီကချင်ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများဟာ အောက်ခြေအထိ ကွင်းဆင်းခြင်းလုံးဝမရှိဘဲနဲ့ ဒီကုမ္ပဏီရဲ့ပြောကြားချက်အရပဲ ဒီစာကိုတင်ပြခဲ့ခြင်းဖြစ်တယ်ဆိုတာ သိ/မသိနဲ့ ဒီတောင်သူ (၉၀) ဦးဟာဆိုလို့ရှိရင် ကျူးကျော်သူများမဟုတ်ပါဘူး။ ဒီပြည်ထောင်စုလွှတ်တော်ကို တင်ပြကတည်းကနေမှ ဒီသူတို့ရဲ့ သက်သေအထောက်အထားပြေစာများနဲ့ တင်ပြခြင်းဖြစ်တယ်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီးမှ ကျွန်မတို့ ဒီပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ အောက်ခြေအထိ မှန်/မမှန် လာရောက်စစ်ဆေးပေးနိုင်ခြင်း ရှိ/မရှိကို ကျွန်မအနေနဲ့ တောင်သူများကိုယ်စား ထပ်မံမေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကချင်ပြည်နယ်အတွင်းမှာရှိသော ဒီမြေယာကိစ္စများ၊ တိုင်ကြားချက်များကိစ္စနဲ့ပတ်သက်ပြီးတော့ စုံစမ်းစစ်ဆေးခြင်း၊ ပြန်လည်တင်ပြခြင်း၊ ဆုံးဖြတ်ခြင်း၊ လိုအပ်တဲ့ဥပဒေကြောင်းအရသော်လည်းကောင်း၊ နည်းဥပဒေကြောင်းအရ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များအရသော်လည်းကောင်း ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စဟာလည်း သက်ဆိုင်ရာကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ဆောင်ရွက်တဲ့ အနေအထားသာ ဖြစ်ပါတယ်ခင်ဗျ။ ဒါကြောင့် သူတို့ရဲ့ဆက်လက်ဆောင်ရွက်မှုများဖြစ်ပါတယ်။

**ခန္တီးမြို့နယ်၊ ပေါင်ဆိုင်ကျေးရွာ၌ တရားမဝင် ရွှေလုပ်ကွက် လုပ်ကိုင်နေသော ကုမ္ပဏီများ၊ ရေအား လျှပ်စစ်တည်တဲ့မှုကြောင့် ပြန်လည်ပြုပြင်ခြင်းမရှိသော တရားဝင်၊ တရားမဝင် ရွှေတူးဖော်ခွင့်ရရှိသော ကုမ္ပဏီများကို အရေးယူခြင်းရှိ/မရှိနှင့် ချင်းတွင်းမြစ်တစ်လျှောက် တရားမဝင်ရွှေတူးဖော်ခြင်းလုပ်ငန်း များကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် သိပါသလားနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)။** ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ဒီနေ့မေးမြန်းလိုတာကတော့ ခန္တီးမြို့နယ်၊ ချင်းတွင်းမြစ်ကမ်းနံဘေး တရားမဝင် ရွှေလုပ်ငန်း များ လုပ်ကိုင်နေခြင်းများနှင့် ပတ်သက်ပြီးတော့ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ် ပေါင်ဆိုင်ကျေးရွာမှာ ဧက ၅၀၀ နီးပါးမှာ ရွှေတွေထွက်ရှိတယ်လို့ဆိုပြီးတော့ ၂၀၁၁ ခုနှစ်မှစပြီး လက်ယက်တွင်းတွေ တူးဖော်နေရာမှ ကုမ္ပဏီ ကြီးတွေဝင်ရောက်လာပြီး အကွက်များရိုက်ကာ ဝင်ရောက်တူးဖော်လာကြပါတယ်။ ၎င်းလုပ်ကိုင်ခဲ့တဲ့ ကုမ္ပဏီကြီးတွေက သတ္တုတွင်းဝန်ကြီးဌာနကနေပြီးတော့ တရားဝင်လုပ်ကိုင်ခွင့် ကျထားတဲ့ကုမ္ပဏီတွေ ရှိသလို တရားမဝင်ကုမ္ပဏီတွေလည်း ၂၀၁၁ ခုနှစ် ၅ လပိုင်းလောက်က စပြီးတူးဖော်လာကြပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ တောင်ကုန်းတွေကုန်သလောက်၊ တောတောင်တွေကုန်သလောက်ရှိပြီး တူးဖော် ခြင်းတွေရပ်ဆိုင်းသွားခဲ့ပါတယ်။ သယံဇာတတွေ ကုန်ဆုံးသွားတဲ့အခါမှာ မြေဇာပုံကြီးတွေ၊ ချိုင့်ကြီး တွေကို ပြန်လည်ပြုပြင်ပေးခြင်းမရှိဘဲနဲ့ တရားမဝင်ပြန်လည်ထွက်ခွာသွားကြပါတယ်။ လာရောက် တူးဖော်ကြတဲ့ ကုမ္ပဏီတွေကတော့ စုံစမ်းသိရှိရသလောက်မှာ သဘာဝရွှေ၊ မင်းထက်ဦး၊ ဇမ္ဗူလွင်၊ စန်းသိင်္ဂီ၊ ရွှေစင်စန်းမြင့်၊ အောင်မိုးဟိန်းနှင့် ဥရုမေတ္တာကုမ္ပဏီတို့ဖြင့် အမည်မတပ်ဘဲ လုပ်ကွက် လုပ်တဲ့ကုမ္ပဏီတွေကလည်း ၂၀ ဝန်းကျင်လောက်ရှိပါတယ်။ ၎င်းရွှေတွင်းတွေက မျှောတိုက်ချလိုက် တဲ့မြေတွေက ချင်းတွင်းမြစ်အတွင်းကို တိုက်ရိုက်ရောက်ရှိသွားပြီးတော့ မြစ်ရေတွေနောက်ကျိုပြီးတော့ သောင်တွေဖြစ်ထွန်းလာတယ်။ ချင်းတွင်းမြစ်က တဖြည်းဖြည်းတိမ်ကောလာပါတယ်။ အုပ်ချုပ်ရေး ပိုင်းတွေမှာလည်း လုပ်ကွက်တွေမအောင်မြင်ဘဲ ထွက်ပြေးသွားတဲ့ကုမ္ပဏီတွေကို ၎င်းတို့မထွက်ခွာမီ ဂေဟစနစ်တွေပျက်စီးသွားခြင်းတွေ တွေ့ရှိသော်လည်း ပြန်လည်ပြုပြင်ရန်တောင်းဆိုထားခြင်းမရှိ ကြောင်း တွေ့ရှိရတယ်။ ၎င်းတို့စာချုပ်ချုပ်ဆိုထားတဲ့ စာချုပ်ထဲမှာ ပျက်စီးသွားတဲ့ဂေဟစနစ်တွေကို ပြန်လည်ပြုပြင်ပေးဖို့ သစ်ပင်တွေပြန်လည်စိုက်ပျိုးပေးဖို့ ပါရှိသော်လည်း စာချုပ်ပါစည်းကမ်းအတိုင်း

ပြန်လည်ပြုပြင်ပေးခဲ့ခြင်းမရှိပါကြောင်း တွေ့ရှိရတယ်။ စာချုပ်တွေဖောက်ဖျက်ပြီး တိတ်တဆိတ်ထွက်ခွာသွားတာကို ဒေသအာဏာပိုင်တွေက သိရှိသော်လည်း မည်သည့်အရေးယူဆောင်ရွက်မှုမှ ယခုအချိန်ထိမရှိဘူး။ ယခုအခါမှာ ခန္တီးမြို့နယ်၊ ပေါင်ဆိုင်ကျေးရွာတစ်လျှောက်မှာ သယံဇာတတွေကုန်သွားပြီဖြစ်တာကြောင့် မြစ်အထက်ပိုင်းမှာရှိတဲ့ တိုက်တီးနဲ့ တကုန်းကြားမှာ တရားမဝင်ပြန်လည်တူးဖော်နေပြီလည်း ဖြစ်ပါတယ်။ ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီးမှာ လက်ပံတောင်းတောင်၊ စံပယ်တောင်တွေသာ ပျောက်ကွယ်သွားခြင်းမဟုတ်ဘဲနဲ့ ဟုမ္မလင်းမြို့နယ်မှာရှိတဲ့ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရဲ့ တောတောင်တွေလည်း ပျောက်ကွယ်သွားပြီဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မမေးလိုတဲ့ မေးခွန်းကတော့ ခန္တီးမြို့နယ်၊ ပေါင်ဆိုင်ကျေးရွာမှာရှိတဲ့ တရားမဝင်ရွှေလုပ်ကွက်လုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေကို စစ်ကိုင်းတိုင်းဒေသကြီး၊ သတ္တုတွင်းဝန်ကြီးဌာနမှ သိရှိပါသလား။ ဂေဟစနစ်ပျက်စီးသွားခြင်းတွေကို ပြန်လည်ပြုပြင်ပေးခြင်းမရှိတဲ့ တရားဝင်တူးဖော်ခွင့်ရရှိတဲ့ ကုမ္ပဏီများ၊ တရားမဝင်တူးဖော်နေတဲ့ ကုမ္ပဏီတွေကို အရေးယူခြင်းရှိ/မရှိကို သိရှိလိုပါတယ်။ ချင်းတွင်းမြစ်တစ်လျှောက် တရားမဝင် ရွှေတူးဖော်ခြင်းလုပ်ငန်းတွေကြောင့် တောတောင်တွေ ပျောက်ကွယ်သွားခြင်း၊ ရွာလုံးကျွတ်ပျောက်ကွယ်သွားခြင်း၊ ဂေဟစနစ်ပျက်စီးသွားခြင်းတွေကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကနေဖြင့် သိရှိပါသလားလို့ မေးမြန်းလိုပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန-၁)**။ ။ ဆက်လက်၍ ကျွန်တော့်အနေနဲ့ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏ မေးခွန်းနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ပေါင်ဆိုင်ကျေးရွာ၌ တရားမဝင်ရွှေလုပ်ကွက်လုပ်ကိုင်သည်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ခန္တီးမြို့နယ်ရှိ ပေါင်ဆိုင်ကျေးရွာဧရိယာမှာ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသော ခန္တီးကျောက်မျက်ရတနာနယ်မြေ သတ်မှတ်ထားသော ဧရိယာအတွင်း ကျရောက်လျက်ရှိပါတယ်။ အဆိုပါ ဧရိယာအတွင်း၌ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ အသေးစား/အကြီးစားရွှေတူးဖော်မှုလုပ်ကွက်များ တရားဝင်ခွင့်ပြုချထားပေးခဲ့ခြင်းမရှိပါ။ ထို့အပြင် တရားမဝင်ရွှေတူးဖော်မှုနှင့်ပတ်သက်ပြီး တင်ပြတိုင်ကြားလာမှုမရှိ

ခြင်းနှင့် ခန္တီးကျောက်မျက်ရတာနာနယ်မြေအဖြစ် သတ်မှတ်ထားသော ဧရိယာဖြစ်နေခြင်းတို့ကြောင့် ဝင်ရောက်စစ်ဆေးနိုင်ခြင်းမရှိပါဘဲ တင်ပြတိုင်ကြားလာမှုများရှိလာပါကလည်း သတ္တုတွင်းဝန်ကြီး ဌာန၏ ညွှန်ကြားချက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကွပ်ကဲမှုဖြင့် ကွင်းဆင်းစစ်ဆေး ဖမ်းဆီးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ရေအားလျှပ်စစ်တည်တံ့မှုကြောင့် ပြန်လည်ပြုပြင်ခြင်းမရှိသော တရားဝင်ရွှေတူးဖော်ခွင့်ရရှိသော ကုမ္ပဏီများအား မည်ကဲ့သို့အရေးယူခြင်းရှိ/မရှိကိစ္စနှင့်ပတ်သက်ပြီး ထမံသီရေအားလျှပ်စစ်စီမံကိန်းသတ်မှတ်ဧရိယာအတွင်း တရားဝင်ရွှေလုပ်ကွက်များ ချထားပေးမှုမရှိပါ။ ၎င်းဧရိယာအတွင်း တရားမဝင်ရွှေသတ္တုတူးဖော်ခြင်းများ ဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိရပါက တည်ဆဲမြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကွင်းဆင်းစစ်ဆေး အရေးယူခြင်းများ ပြုလုပ်နိုင်ရေး စီစဉ်ထားရှိပြီးဖြစ်ပါသည်။

ချင်းတွင်းမြစ်တစ်လျှောက် တရားမဝင်ရွှေတူးဖော်ခြင်းလုပ်ငန်းများကြောင့် တောတောင်များနှင့် ရွာလုံးကျွတ်ပျောက်ကွယ်သွားသည်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ချင်းတွင်းမြစ်တစ်လျှောက်တွင် တရားမဝင်ရွှေသတ္တုတူးဖော်မှုကြောင့် တောတောင်များ ပျောက်ကွယ်သွားခြင်း၊ ကျေးရွာများ ရွာလုံးကျွတ်ပျောက်ကွယ်သွားခြင်း အစရှိသည့် သတင်းအချက်အလက်များ ယနေ့အချိန်အထိ လက်ခံရရှိမှုမရှိခြင်း မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင်လည်း ထိုသို့ ပျောက်ကွယ်သည်ဆိုသည့် သတင်းအချက်များမရှိခြင်းတို့ကြောင့် ထို့သို့သော သတင်းအချက်အလက် များတိကျခိုင်မာစွာရရှိရေး မေးမြန်းစုံစမ်းမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး သတ္တု တွင်းစီမံကိန်းရုံးအနေဖြင့် တရားမဝင်ရွှေသတ္တုတူးဖော်လုပ်ကိုင်ဆောင်ရွက်မှုများ စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူခြင်းများ ပြုလုပ်လျက်ရှိပါတယ်။ ချင်းတွင်းမြစ် ဝဲယာတစ်လျှောက်တွင်လည်း ရွှေတူးဖော်သည့် လုပ်ကွက်များအား မြစ်ကမ်းဘေးမှ အနည်းဆုံး အကွာ အဝေး ပေ ၃၀၀ ကျော် ချန်လှပ်နိုင်ရေး စိစစ်ကြပ်မတ်လျက်ရှိပြီး လုပ်ကွက်များ ပြန်လည်အပ်နှံသည့် အခါတွင်လည်း လုပ်ကွက်များအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သော ပြန်လည် မြေဖို့ပြုပြင်ခြင်း၊ အစားထိုးနှစ်ရှည်ပင်များအား သတ်မှတ်ချက်နှင့်အညီ ပြန်လည်စိုက်ပျိုးစေခြင်းများကို သက်ဆိုင်ရာကုမ္ပဏီများအား တွန်းအားပေးဆောင်ရွက်လျက်ရှိသည့်အပြင် လုပ်ကွက်ပြန်လည် အပ်နှံမှုအတွက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ကန့်ကွက်ရန်မရှိကြောင်း သဘောထား

မှတ်ချက်ရယူပြီးမှသာ စနစ်တကျ ပြန်လည်အပ်နှံစေလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ ဒုတိယဝန်ကြီးဖြေဆိုသွားတာကို ကျေးဇူးတင်ပါတယ်။ ခုနက ကျွန်မ ဓာတ်ပုံတွေနဲ့ ပြထားတာဟာ တကယ့်မြေပြင်မှာ ပေါင်ဆိုင်ကျေးရွာမှာ တကယ်ကို ဖြစ်ပျက်နေတဲ့ကိစ္စတွေဖြစ်ပါတယ်။ ဒီဟာကို သက်ဆိုင်ရာဒေသန္တရအစိုးရအနေနဲ့ ဝင်ရောက်စစ်ဆေးမှုရှိပါသလားဆိုတဲ့ဟာမျိုးရယ်၊ ခုနတုန်းက ဒုတိယဝန်ကြီးပြောသွားသလိုမျိုး၊ ဒါမျိုးတွေလုပ်သွားတာမရှိပါဘူးဆိုရင် အဲဒါတွေက ယနေ့အချိန်မှာ တကယ်ကိုဖြစ်ပျက်နေတာကို ကျွန်မနေနဲ့ ဓာတ်ပုံရိုက်ခဲ့တာဖြစ်ပါ တယ်ဆိုတာကို ပြောပြချင်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပြီဖြစ်ပါတယ်။ ခုနက ဒေါ်စန္ဒာမင်းက ထပ်ဆင့်မေးခွန်းများ ဆက်စပ်မေးမလားလို့ အောက်မေ့လို့ပါ။ ဆက်စပ်မေးခွန်းမဟုတ်တဲ့အတွက် ဖြေကြားဖို့လည်းမလိုတဲ့အတွက် အစီအစဉ် ၆ ကိုပဲ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ဖြစ်သော ၂၁-၅-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၄-၅-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်း

ဖြစ်ပါတယ်။ သို့သော်လည်း ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမှ မရှိပါ။ ဒါ့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၅)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့ ကျင်းပမယ့်ရက်ကို ထပ်မံကြေညာမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မနက်ဖြန် မေလ ၂၉ ရက်နေ့ မနက် ၉ နာရီအချိန်မှာ ဇမ္ဗူသီရိခန်းမမှာ ရွေးချယ်ခံပါတီဥက္ကဋ္ဌများနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး တွေ့ဆုံရန်ရှိပါတယ်။ အဝေးကနေလာရောက်တဲ့ ပါတီဥက္ကဋ္ဌများရှိပါက လိုအပ်တဲ့ခရီးစရိတ်များကို ပြည်သူ့လွှတ်တော်မှ စီစဉ်ပေးမည်ဖြစ်ကြောင်း ကြိုတင်တင်ပြအပ်ပါတယ်။

**မူကြမ်း**

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]